**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ဝန်ကြီးရုံး**
**အမိန့်ကြော်ငြာစာအမှတ် ၁၀/၂၀၁၆**
**၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်**
**( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက် )**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေ ပုဒ်မ - ၁၃ ၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အသေးစား/ အလတ်စား စက်မှုလုပ်ငန်းများအပါအဝင် စက်မှုကုန်ထုတ်လုပ်ငန်းများ တည်ထောင်ဆောင်ရွက်ရာ၌ အထောက်အကူဖြစ်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ် သက်သာစေရန် အသုံးပြုနိုင်သည့် ပြုပြင်ထားခြင်းမရှိသောစက်ပစ္စည်း (Used Machine) များကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ပထမစမ်းသပ်ကာလအဖြစ် တင်သွင်းခွင့်ပြုခဲ့ရာမှ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ဒုတိယနှစ်အဖြစ် ဆက်လက်၍ တင်သွင်းခွင့် ပြုလိုက်သည်။

၃။ အသုံးပြုပြီး စက်ပစ္စည်းများ တင်သွင်းခြင်းကို ပင်လယ်ရေကြောင်းမှသာ ခွင့်ပြုမည်ဖြစ်ပြီး အသုံးပြုပြီးစက်ပစ္စည်း (Used Machine)များကို တင်သွင်းရာတွင် ပြည်တွင်းတွင်အသုံးမတည့်သည့် စက်ပစ္စည်းများ စုပုံနေခြင်း၊ ပတ်ဝန်းကျင်ကို ထိခိုက်စေခြင်းများ မဖြစ်ပေါ် စေရန်နှင့် လုပ်ငန်းရှင်များ၏ ထုတ်လုပ်မှုစွမ်းရည်တိုးတက်စေရန်တို့အတွက် အောက်ဖော်ပြပါ လုပ်ထုံးလုပ်နည်းသတ်မှတ်ချက်များနှင့်အညီ တင်သွင်းရမည်ဖြစ်သည် -

(က) တင်သွင်းမည့် စက်ပစ္စည်းအား တင်သွင်းခွင့်လျှောက်ထားရာတွင် စက်ပစ္စည်း၏ စံချိန်စံညွှန်းအပြည့်အစုံကို အောက်ပါအချက်များ ဖော်ပြလျှောက်ထားရမည် -

(၁) Brand Name

(၂) Capacity

(၃) ထုတ်လုပ်သည့်ခုနှစ် ( Model Year )

(၄) ထုတ်လုပ်သည့်နိုင်ငံ ( Country of Origin )

(၅) စက်၏ သုံးစွဲသည့် စွမ်းအင်/လောင်စာ (လျှပ်စစ်၊ ရေနွေးငွေ့၊ ဓာတ်ဆီ၊ ဒီဇယ်၊ သဘာဝဓာတ်ငွေ့သုံး)

( ခ ) အသုံးပြုပြီးသည့် ခုနှစ် (၁၀) နှစ်ထက် မပိုသော စက်ပစ္စည်းဖြစ်ရမည်။

(ဂ) အသုံးပြုနိုင်သည့် စက်အရည်အသွေးသည် နည်းပညာ (၇၀%) ထက်မနည်းသော အရည်အသွေးရှိရမည်။

(ဃ) အသုံးပြုပြီးစက်ပစ္စည်းတင်သွင်းရန်အတွက် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန၏ ထောက်ခံချက် ပါရှိရမည်။

(င) အသုံးပြုပြီးစက်ပစ္စည်းများ တင်သွင်းလာပါက ပြည်ပနိုင်ငံတွင် Running Condition နှင့်ပတ်သက်၍ Pre-inspection Certificate တင်ပြရမည်။

(စ) စက်မှုဖွံ့ဖြိုးပြီးသည့် နိုင်ငံမှ နည်းပညာဖြင့် ထုတ်လုပ်သော စက်ပစ္စည်းဖြစ်ရမည်။

(ဆ) လိုအပ်ပါက တင်သွင်းလာသော အသုံးပြုပြီးစက်ပစ္စည်းများအား လျှောက်ထားချက်နှင့် ကိုက်ညီမှု ရှိ/မရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ စစ်ဆေးမှု ခံယူရမည်။

၄။ အသုံးပြုပြီး စက်ပစ္စည်း ( Used Machine ) များ တင်သွင်းခွင့်ပြုသည့် မူဝါဒ၊ လုပ်ထုံးလုပ်နည်းများကို နှစ်စဉ် ပြန်လည်သုံးသပ် ထုတ်ပြန်သွားမည် ဖြစ်သည်။

ပုံ

ဦးဝင်းမြင့်

ပြည်ထောင်စုဝန်ကြီး

စာအမှတ် ၊ စက - ၁၁ / ၂ - ၂၀ / ၂၀၁၆ ( ၁ )

ရက်စွဲ ၊ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
နေပြည်တော်ကောင်စီရုံး
တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအားလုံး
အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန
ဦးဆောင်ညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန်
ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ
အသင်းချုပ် ( ညီနောင်အသင်းများထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ )

အမိန့်အရ

တိုးအောင်မြင့်
အမြဲတမ်းအတွင်းဝန်